# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

### ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

#### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးနိုင်လင်းက ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စက်ရုံသို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံမှ ချည်အမျိုးမျိုး ထုတ်လုပ်နိုင်မှု အခြေအနေများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှု၊ ၂/၈၀ ချည်များအား ပြည်တွင်း၌ ထွက်ရှိသည့် ဝါများဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➜*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြထားသော စက်ရုံမှထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ



**ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများ ပေးပို့**


ပြည်တွင်းသတင်း | စာ ၁၀




**ပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**


ပြည်တွင်းသတင်း | စာ ၁၁


**မိုးဥတုချိန်ခါရောက်ရှိလာ တိုင်းရင်းဆေးဖြင့် ရောဂါကာကွယ်စောင့်ရှောက်ပါ**


ဆောင်းပါး | စာ ၁၆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) စက်ရုံမှူး ဦးနိုင်လင်းက ရှင်းလင်းတင်ပြစဉ်။

❍ *ရွှေဖုံးမှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ပသို့ ဝါများကို ရောင်းချမည့်အစား ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် အဆင့်မီချည်များကို ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းအပါအဝင် အခြေခံချည်ထည်အမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီးဖြစ်သောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်လျော့ကျစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အရည်အသွေးအား ဆက်လက်ထိန်းသိမ်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြထားသော စက်ရုံမှထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ချည်ထည်များ၏ အရည်အသွေးအား ဆက်လက်ထိန်းသိမ်းသွားရန်၊ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရည်အသွေးမြင့်ချည်များ ထုတ်လုပ်နိုင်မည့် ချည်ငင်စက်ရုံနှင့် ဆေးဆိုးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

- ❑ **ပြည်ပသို့ ဝါများကို ရောင်းချမည့်အစား ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် အဆင့်မီချည်များကို ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်**
- ❑ **မိမိတို့အနေဖြင့် ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းအပါအဝင် အခြေခံချည်ထည်အမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီးဖြစ်သောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်လျော့ကျစေရေး ဆောင်ရွက်ရမည်**
- ❑ **ပြည်တွင်းမှထွက်ရှိသည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်း**

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရည်အသွေးမြင့်ချည်များ ထုတ်လုပ်နိုင်မည့် ချည်ငင်စက်ရုံနှင့် ဆေးဆိုးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံမှူးနှင့် စက်ရုံတည်ဆောက်ရေးတွင် ပါဝင်သည့် နိုင်ငံခြားသားပညာရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ချည်ငင်စက်ရုံနှင့် ဆေးဆိုးစက်ရုံ တည်ဆောက်ရေးတွင် ပါဝင်သည့် နိုင်ငံခြားသားပညာရှင်များအား ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချည်ငင်စက်ရုံနှင့် ဆေးဆိုးစက်ရုံတည်ဆောက်ရေးတွင် ပါဝင်သည့် နိုင်ငံခြားသားပညာရှင်များအား ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ) ရှိ စာသင်ဆောင်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနေမှုကို ရင်းရင်းနှီးနှီး လိုက်လံအားပေးကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ) သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာကြသူများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ) သို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ) သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးကိုကိုနိုင်၊ တိုင်းပညာရေးမှူး ဦးကျော်မိုးထွန်းနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် စာသင်ဆောင်များအတွင်း ကျောင်းသား၊

*စာမျက်နှာ ၅ သို့*

**“ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ ကျောင်းရှိ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ကောင်းမွန်ပြည့်စုံစေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေပညာကိုသာမက အသက်အရွယ်နှင့် ကိုက်ညီသည့် ဗဟုသုတများရရှိစေရေးအတွက် ပြင်ပစာပေများကိုလည်း စာကြည့်တိုက်တွင် ဖတ်ရှုသည့် အလေ့အကျင့်ရရှိကြစေရေး တိုက်တွန်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြား ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ) ကျောင်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနေမှုကို ရင်းရင်းနှီးနှီး လိုက်လံအားပေးကြည့်ရှုပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တာဝန်ရှိသူများကိုမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကျောင်းခန်းမ၊ စာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ ကျောင်းရှိ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ကောင်းမွန် ပြည့်စုံစေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေပညာကိုသာမက အသက်အရွယ်နှင့် ကိုက်ညီသည့် ဗဟုသုတများ ရရှိစေရေးအတွက် ပြင်ပစာပေများကိုလည်း စာကြည့်တိုက်တွင် ဖတ်ရှုသည့် အလေ့အကျင့်ရရှိကြစေရေး တိုက်တွန်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့သည် ကျောင်းစာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းစာအုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောင်းလိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကျောင်းစာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းစာအုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောင်းလိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အခွန်ပညာပေး ဆွေးနွေးရှင်းလင်း

**ဟိုပုံး ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အခွန်ဦးစီးဌာနရုံးမှ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဟိုပုံးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ဟိုပုံးမြို့နယ် အခွန်ဦးစီးဌာနမှူးက စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချလျက်ရှိသည့် လုပ်ငန်းရှင်များအား ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။



အဆိုပါ အခွန်ပညာပေး ရှင်းလင်းပွဲသို့ ဟိုပုံးမြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့ပေါ် ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင် ၅၀ တက်ရောက်ကြပြီး တက်ရောက်လာသူများအား အခွန်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၇-၆-၂၀၂၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရွှေကူမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ကန်ကြီးထောင့်မြို့တွင် ၃ ဒသမ ၂၀ လက်မ၊ ကျိုက်လတ်မြို့တွင် ၂ ဒသမ ၁၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဂွမြို့နှင့် သထုံမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ ကသာမြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၁ ဒသမ ၆၂ လက်မစီ၊ ခရမ်းမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် သာယာဝတီမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ရွှေတောင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ အမက (နှပ်တန်း) ကျောင်းတွင် ယနေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းအဖြစ် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမက( နှပ်တန်း) ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်စောကေသွယ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတကြွယ်ဝလာစေရန်၊ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားကာ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုအနေဖြင့် ကျောင်းသား ကျောင်းသူများအား ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းအစီအစဉ်များနှင့် ကဗျာရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် ဒေါ်ရွှေဝတ်ရည်တိုးတို့က ရုပ်ပုံစာအုပ်ဖြင့် ပုံပြင်ပြောခြင်းနှင့် စက္ကူပြဇာတ်ဖြင့် ပုံပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ရွေ့လျားစာကြည့်တိုက် သုံးဘီးမော်တော်ယာဉ်ဖြင့် ယူဆောင်လာသော စာအုပ်၊ စာစောင်များ၊ ပုံပြင်များကို ကျောင်းသား ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုကိုမင်း (ပြန်/ဆက်)**



**စာအုပ်စာပေ လူ့မိတ်ဆွေ**

❑ *ကျောဖုံးမှ*

ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ်များ စနစ်တကျ မွေးထုတ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး ဒုတိယအကြီးအကဲ Mr. Ashish sharma၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur တို့ အမှတ်တရလက်ဆောင်ပစ္စည်း လဲလှယ်စဉ်။

## တပ်ကုန်းမြို့နယ်၌ စားသုံးဆီဖူလုံရေး နှမ်း ၁၉၃၉၂ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း ဇွန် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး တောင်သူများအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံများဖြစ်သည့် ငရုတ်၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာနှင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက် သီးနှံစုံ စိုက်ပျိုးလျက်ရှိရာ စားသုံးဆီဖူလုံရေး နှမ်းများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်၌ နှမ်းစိုက်ခင်းများ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ကုန်ကျမှု သက်သာနိုင်ရေး၊ အပင်ဖြစ်ထွန်းကောင်းမွန်နိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းစိုက်ပျိုးကြောင်း၊ ဆီထွက်သီးနှံ နှမ်းကို ၁၉၃၉၂ ဧက လျာထားစိုက်ပျိုး၍ ၃၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် သရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်သို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေသည် ယနေ့နံနက် ၆ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်အနီး ရှိ ခန်းမ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် သရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်သို့ ပါဝင်တက်ရောက်သည်။

အစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူး၏ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ



ဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့နှင့်အတူ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ မာလိနီရေကန်တော် ဥယျာဉ်၌ (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို အမှတ်တရ စုပေါင်း ဂုဏ်ပြုစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား တက်ရောက်



**မုံရွာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များအား တိုင်းဒေသကြီးအစိုးရအဖွဲ့က စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတာဝန်များ ထမ်းဆောင်နေကြသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် **(ဝဲပုံ)** နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူ့စစ်အဖွဲ့များအတွက် တာဝန်ရှိသူများထံ စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ကြပြီး စစ်ကိုင်းတပ်နယ်၊ တပ်နယ်မှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

**ခရမ်း ဇွန် ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် လူတိုင်းပါဝင်စို့ ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက ခရမ်းမြို့အမှတ်( ၃)ရပ်ကွက် ဘီအိုစီကွေ့ ခရမ်း-ရန်ကုန်ကားလမ်းမဘေး၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုဦးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများအား သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တိုက်ကွမ်ဒိုပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ပြည်ထောင်စုစိတ်ဓာတ် မြင့်မားလာစေရေးနှင့် အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန်အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်ကြရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ"ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ အားကစားသမားများနှင့် ဒိုင်အဖွဲ့များကို လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒိုတစ်ဦးချင်း (အမျိုးသား/ အမျိုးသမီး) ကကွက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း (၁၅)သင်းနှင့် အမျိုးသမီးအသင်း (၁၅) သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၆၃ ဦးတို့က ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် တိုက်ကွမ်ဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်လာစေရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် သစ်ပင်ပေါင်း ခုနစ်သန်းကျော် စိုက်ပျိုးပေးသွားမည်

**နေပြည်တော် ဇွန် ၁၇**

၂၀၂၄ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော "ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ သင်ကြားရေးဆေးရုံဝင်းအတွင်း၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် သင်ကြားရေးဆေးရုံ ဆေးရုံအုပ်ကြီးထံ ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာများတွင် တမာပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာသူများက တမာနှင့် ခရေပျိုးပင် ၇၅၀ ကို သတ်မှတ်နေရာများ၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် "ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့"အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲအကျိုးဆက်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန် အကောင်းဆုံးနည်းလမ်းသည် သဘာဝကို အခြေခံသော နည်းလမ်းတစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်းသာဖြစ်ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်လာစေရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ တစ်ရွာ နှစ်ဧကစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေး ဝဲ၊ ယာ သစ်ပင်များ စိုက်ပျိုးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် သစ်ပင်ပေါင်း ခုနစ်သန်းကျော် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း၊ အပူပိုင်းဒေသ ပြန်လည်စိမ်းလန်းစိုပြည်လာစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းပါဝင်ပေးရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိမ်းလန်းစိုပြည်၍ သန့်ရှင်းသောပတ်ဝန်းကျင်၊ ကောင်းမွန်သောရာသီဥတုကို မိမိတို့၏ သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အထိမ်းအမှတ်နေ့ဆောင်းပါးပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်ဆုရရှိသူများ၊ စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ ပြသထားသော အထိမ်းအမှတ် ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေး ဝဲ၊ ယာ မန်ကျည်း၊ တမာ၊ ပိတောက်၊ ကုက္ကို၊ ယူကလစ်၊ ဖျောက်ဆိပ် တစ်အုပ်တစ်မစိုက်ခင်းများ၌ အပင် ၁၂,၀၀၀ စိုက်ပျိုးထားမှုနှင့် စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ညောင်ဦးမြို့နယ်ရှိ မြကန် စိမ်းလန်းသာယာလှပရေးနှင့် မြကန်၏ ရေဝေရေလဲဖြစ်သော တုရင်တောင်စိမ်းလန်းစိုပြည်ရေးအတွက် တုရင်တောင်တွင် ကွန်တိုအလိုက်မြေကျင်းတူး၊ မြေပြုပြင်စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



"ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့" အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စစ်ကြောရေးနှင့် တည်းခိုရေးတပ် (ရွာတော်) ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

**စနစ်တကျဆောင်ရွက်လျက်ရှိ**

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက မဲစာရင်းပြုစုရာတွင် မှန်ကန်စေရန် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် မြေပြင်ကွင်းဆင်းကောက်ယူရေး ဗဟိုကော်မတီကိုဖွဲ့စည်းပေးခဲ့ကြောင်း၊ မြေပြင်ကွင်းဆင်း ကောက်ယူရေး ဗဟိုကော်မတီမှ အသက် ၁၈ နှစ်ပြည့်ပြီးသည့် လူဦးရေစာရင်းများကို ကော်မရှင်သို့ ပေးပို့လျက်ရှိရာ လူဦးရေစာရင်း (ပထမမူကြမ်း) နှင့် (ဒုတိယမူကြမ်း) တို့ကို လက်ခံရရှိပြီးဖြစ်ကြောင်း၊ အဆိုပါရရှိသည့် စာရင်းများကို မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲခြင်းစနစ် (Admin and DEO Software) နှင့် ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် (Central Voter List Management System) တို့ကို အသုံးပြုပြီး မြို့နယ်အလိုက် မဲရုံတစ်ခုချင်းစီအထိ စာရင်းထည့်သွင်းခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**မဲစာရင်းများမှန်ကန်စေရန်**

ယခု အလုပ်ရုံဆွေးနွေးပွဲကို မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်များ အသုံးပြုရာမှ ရရှိလာသည့် အတွေ့အကြုံများ၊ အခက်အခဲများ၊ မဲစာရင်းပြုစုရေးနှင့်သက်ဆိုင်သည့် နည်းပညာများကို ရှင်းလင်းဆွေးနွေးမှုဝေနိုင်ရန်နှင့် နည်းပညာအသုံးပြု၍ မဲစာရင်းများ မှန်ကန်စေရန်အတွက် ပြုလုပ်ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် လူဦးရေစာရင်းနှင့် သက်ဆိုင်သည့် File၊ Folder များ စီမံခန့်ခွဲခြင်း၊ e-ID လူဦးရေစာရင်းများကို စစ်ဆေးခြင်းနှင့် သန့်စင်ခြင်း၊ လူဦးရေစာရင်းများကို Admin and DEO Software များအသုံးပြု၍ ပြုစုခြင်းနှင့် ထည့်သွင်းခြင်း၊ ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် CVLMS သို့ ထည့်သွင်းခြင်းနှင့် ပြန်လည်စစ်ဆေးခြင်း၊ ထည့်သွင်းပြီးစာရင်းများနှင့် ထပ်မံရောက်ရှိလာသည့် စာရင်းများကို တိုက်ဆိုင်စိစစ်ခြင်း စသည့်လုပ်ငန်းများကို ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားရန် လိုသကဲ့သို့ စနစ်များ အသုံးပြုရာ၌ မှားတတ်သောအမှားများကို လက်တွေ့ချပြရှင်းလင်းဆွေးနွေးသွားရန် လိုမည်ဖြစ်ကြောင်း၊ သို့မှသာ ကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများအနေဖြင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ပြီး မဲစာရင်းများ ပြုစုရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျင်းပသွားမည်**

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်သည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ မဟာဗျူဟာမြောက် တွန်းအားတစ်ရပ်ဖြစ်လာမည်

**နေပြည်တော် ဇွန် ၁၇**

ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ် မူဝါဒကြေညာချက် (Ministry Quality Assurance System–MQAS) မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**အရည်အသွေးအာမခံမှုစနစ်ကို အသုံးပြုရန်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအတွင်း အရည်အသွေးအာမခံမှုစနစ်ကို ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ် (Ministry Quality Assurance System – MQAS) အဖြစ် ရည်ညွှန်းသွားမည်ဖြစ်ကြောင်း၊ MQAS ကို မူကြိုတန်းများ၊ ကျောင်းပြင်ပ ပညာရေးစခန်းများ၊ အခြေခံပညာကျောင်းများ၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ တက္ကသိုလ်များအစရှိသည့် ပညာသင်ယူရာနေရာများ၊ ဦးစီးဌာနများနှင့် ပညာရေးနှင့် ဆက်စပ်အဖွဲ့အစည်းများ အားလုံးမှတစ်ဆင့် အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနအလိုက် အရည်အသွေးအာမခံမှု (Internal Quality Assurance – IQA) လုပ်ထုံးလုပ်နည်းများကို ရေးဆွဲ၊ ဖော်ထုတ်၊ အကောင်အထည်ဖော်ရာတွင် ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်ကို အသုံးပြုရန်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍတွင် ကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက်အညွှန်းဘောင် (School Quality Assurance Standards Framework – SQASF) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုးတက်မှုရရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ဆရာအတတ်ပညာ ကဏ္ဍတွင်လည်း ဆရာအတတ်ပညာ ကျွမ်းကျင်မှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework– TCSF) ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ဦးစီးဌာနများနှင့် ပညာသင်ယူရာနေရာများ၊ ကျောင်းများအားလုံးတွင် အရည်အသွေး စံသတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသည့်စံနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်အကဲဖြတ်လမ်းညွှန်မှု လုပ်ငန်းစဉ်များနှင့် ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်သည် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (NESP)၏ မဟာဗျူဟာမြောက် တွန်းအားတစ်ရပ်လည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ပညာရေးဝန်ကြီးဌာနအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သော ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန အရည်အသွေး အာမခံမှုစနစ် (MQAS) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအတွက် အဓိက ဦးစားပေးလုပ်ငန်းဖြစ်သည့်အတွက်ကြောင့် ဦးစီးဌာနများနှင့် ပညာသင်ယူရာနေရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ကျောင်းများအားလုံးသည် မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပြီး အလေးထားလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က MQAS ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်က MQAS တွင် ပါဝင်သည့် အကြောင်းအရာများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်က တာဝန်နှင့် ဝတ္တရားများ၊ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနအဆင့်၊ ဦးစီးဌာနအဆင့်နှင့် ပညာသင်ယူရာနေရာများဆိုင်ရာအဆင့် (အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍ) များအလိုက် အုပ်စုများခွဲ၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ်မြောက် လန်ချန်း - မဲခေါင်ရုပ်သံအစီအစဉ် သီတင်းပတ်အခမ်းအနားသို့တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇွန် ၁၇**

ပဉ္စမအကြိမ်မြောက် လန်ချန်း – မဲခေါင် ရုပ်သံအစီအစဉ် သီတင်းပတ်အခမ်းအနား (5th Lancang–Mekong Audiovisual Week) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Yunnan Radio and TV Station ရှိ Studio – 1 ၌ ကျင်းပသည်။




အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဝန်ကြီး ယန်းကော်ရိန်(H.E Mr .Yang Guorui)၊ ယူနန်ပြည်နယ်ကော်မတီ CPC အဖွဲ့ဝင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ကျိန်းယန် (H.E Mrs . Zeng Yan )၊ ယူနန် ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး ယန်းယန်း(H.E Mrs. Yang Yang)၊ လန်ချန်း – မဲခေါင်နိုင်ငံများဖြစ်ကြသော တရုတ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံတို့အပြင် တောင်အာရှနိုင်ငံများမှ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးသည့် ဆက်ဆံရေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန် ယုံကြည်မှု၊ သာတူညီမျှရှိမှု စသည့်မူများအပေါ် အခြေခံပြီး တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် မီဒီယာဗဟုဝါဒ (Media Pluralism) ရရှိရန်အတွက် မီဒီယာဆိုင်ရာ ဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ရုပ်သံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ နိုင်ငံပိုင်မီဒီယာဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)သည် လန်ချန်း– မဲခေါင် ဒေသတွင်း နိုင်ငံများ၏ ရုပ်သံလွှင့်ဌာနများဖြစ်သည့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန(PRD)၊ တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန (NRTA)နှင့် China MediaGroup (CMG)ကွမ်ရှီး အသံလွှင့်နှင့် ရုပ်မြင်သံကြားဌာန (GXRTV) ဗီယက်နမ်နိုင်ငံ Voice of Vietnam(VOV) များနှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး ဝန်ထမ်းများ အပြန်အလှန်စေလွှတ်ခြင်း၊ အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်လည်ပတ်ခြင်း၊ ရုပ်သံဇာတ်လမ်းတွဲများ ပြသဆောင်ရွက်နေပါကြောင်း၊ မဲခေါင်ဒေသတွင်းရှိ နိုင်ငံများသည် မဲခေါင်မြစ်ကိုမှီတည်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် မိသားစုနိုင်ငံများဖြစ်သည့် အားလျော်စွာ အချင်းချင်း အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ နားလည်ပေးနိုင်မှုများနှင့် အနာဂတ်ကာလများစွာအထိ ချစ်ကြည်ရင်းနှီးစွာနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပိုမိုခိုင်မြဲမှုရှိအောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် လန်ချန်း –မဲခေါင် နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ အကြီးအကဲများက 5th Lancang–Mekong Audiovisual Week ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ လန်ချန်း –မဲခေါင်ဒေသ၏ ထူးခြားပြောင်မြောက်သော ရိုးရာအကအလှများ၊ သီဆိုကပြမှုများနှင့် ရုပ်သံအစီအစဉ်ပြကွက်များ တွဲဖက်၍ လည်းကောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှ၊ တောင်အာရှဒေသများမှ ရိုးသားချစ်ခင်ဖွယ် လူနေမှုဘဝပုံစံများနှင့် ဒေသထုတ်ကုန်များ အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြမှုနှင့်အတူ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၅)ကြိမ်မြောက် လန်ချန်း – မဲခေါင် ရုပ်သံသီတင်းပတ်အခမ်းအနားကို အဖွဲ့ဝင်ခြောက်နိုင်ငံအကြား ရုပ်သံနှင့် အွန်လိုင်းမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန်၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးဖလှယ်မှုများ တိုးမြှင့်လာစေရန်၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများ ဆက်သွယ်မှုတွင် အချက်အချာဖြစ်စေရန်၊ BRI ပူးပေါင်းတည်ဆောက်ရေး အောင်မြင်မှုများ ပြသနိုင်ရန်တို့အတွက် တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားအစီအစဉ်များကို ၂၀၂၄ ခုနှစ် ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်း၊ ယွိရှီနှင့် အခြားမြို့ကြီးများတွင် ဆက်စပ်ပြီး စီစဉ်ကျင်းပမည်ဖြစ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို WANDA REALM ဟိုတယ်တွင် နေ့လယ်စာဖြင့်ဧည့်ခံပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

**သတင်းစဉ်**

# MNL League Cup ဗိုလ်လုပွဲ ဇွန် ၁၉ ရက် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၁၇**

၂၀၂၄ MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၁၉ ရက် ညနေ ၅ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဗိုလ်လုပွဲတက်ရောက်**

ယင်းနှစ်သင်းသည် ယခုရာသီတွင် ပထမဆုံးတွေ့ဆုံခြင်းဖြစ်ကာ ပြီးခဲ့သည့်ရာသီတွင်မူ အမှတ်ပေးပြိုင်ပွဲ၌ နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး ဂိုးမရှိသရေကျခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ပွဲအားလုံးအနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်ပြီး အုပ်စု (က) တွင် မဟာယူနိုက်တက်၊ GFA၊ တက္ကသိုလ်နှင့် ရွှေပြည်သာယူနိုက်တက် လေးသင်းစလုံးကို နှစ်ကျော့စလုံး အနိုင်ရရှိကာ ရမှတ် ၂၄ မှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ရတနာပုံအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်လာခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (ခ) တွင် ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ Glory Goal၊ Rainbow အသင်းတို့နှင့် ကျရောက်ခဲ့ပြီး ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၂၁ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက် လာပြီး ဆီမီးဖိုင်နယ်တွင် ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး –တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်သည်။

**ဆုဖလားနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်မည်ဖြစ်**

ယခုပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲပါက စံချိန်၊ မှတ်တမ်းကောင်းများ ထပ်မံပိုင်ဆိုင်မည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်း ဗိုလ်စွဲပါက ၂၀၁၉ ရာသီနောက်ပိုင်း ဆုဖလားနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ EV Charging Station ဖွင့်ပွဲအခမ်းအနားတက်ရောက်ပြီး သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးလမ်းမပေါ်ရှိ မြကျွန်းသာကန်ပေါင်အနီး NPK Motors Co.,Ltd MG Myanmar မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံ (MG EV Charging Station) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ စီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည့် ကွင်းဆင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန အင်ဂျင်နီယာမှူးကြီး၊ ညွှန်ကြားရေးမှူးနှင့် စီမံကိန်းမှတာဝန်ရှိသူများက ပြည်သူ့အငှားအိမ်ရာ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်မှ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဒုတိယအကြိမ်နှင့် တတိယအကြိမ် အိမ်ခန်း နေရာချထားနိုင်ရေးအတွက် အိမ်ခန်းလျှောက်ထားသူများစာရင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြ၍ ကြိုတင် စီမံဆောင်ရွက်ထားရန်နှင့် အိမ်ရာတည်ဆောက်မှု လုပ်ငန်းပြီးစီးပါက နေရေးအခက်အခဲရှိသည့် ပြည်သူများလက်ဝယ်သို့ အိမ်ခန်းနေရာအချိန်မီချထားနိုင်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး သုခဒဂုံ ပြည်သူ့အငှား အိမ်ရာစီမံကိန်း လုပ်ငန်းခွင်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာသည် နေရေးအခက်အခဲရှိသူများကို သက်သာသော အိမ်ခန်းငှားရမ်းခ နှုန်းထားများဖြင့် နေထိုင်နိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်မှ စနစ်တကျတည်ဆောက်ပေးထားခြင်းဖြစ်ပြီး ပြည်သူများ နေထိုင်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် ၁၁၆၈ ခန်း နေရာချထားပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်တွင် အခန်း ၈၁၀၊ ဇူလိုင်တွင် ၈၆၄ ခန်း၊ ဒီဇင်ဘာတွင် ၂၇၂ ခန်း၊ အိမ်ခန်းနေရာချထားရေး ခန့်မှန်းလျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် တည်ဆောက်ပြီးအိမ်ရာများတွင် နေရေးအခက်အခဲရှိသည့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များနှင့် အများပြည်သူများနေထိုင်နိုင်ရေး အတွက် အိမ်ခန်းနေရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် "ကိုယ်ကျင့်တရား ပျက်ယွင်းခြင်း" တစ်နည်းအားဖြင့် အကျိုးအမြတ်တွက်ချက်ပြီး ကျူးလွန်သည့် ရာဇဝတ်မှုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး ပြည်သူလူထု၏ ယုံကြည်မှု လျော့ကျစေခြင်းနှင့် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကြီး တစ်ခုလုံးကိုပါ ယိုယွင်းပျက်စီးစေနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံမျိုးစုံဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကျူးလွန်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရစေမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည် ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန် အထူးလိုအပ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယခုအခမ်းအနားမှ ရရှိလာသည့် အသိအမြင် ဗဟုသုတများကို မှတ်သားလိုက်နာ၍ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရန်နှင့် မိမိမှစ၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဂတိလိုက်စားမှုကို ငြင်းဆန်ရန် တိုက်တွန်းလိုပါကြောင်း၊ အဂတိတရားကင်းရှင်းပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်ကြစေရန် တိုက်တွန်းမှာကြား လိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ကော်မရှင်အနေဖြင့် ဥပဒေပါ ရည်ရွယ်ချက်ဖြစ်သည့် အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အများပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ဝန်ဆောင်မှုပေးရသည့် ဌာနများအနေဖြင့်လည်း မိမိတို့၏ဝန်ဆောင်မှု အရည်အသွေးနှင့် စပ်လျဉ်း၍ ပြည်သူ၏အကဲဖြတ်၊ အကြံပြုချက်များကိုရယူနိုင်ရန် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မရှင်မှ နည်းပညာများ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပြည်သူထံမှ ပြန်လည်တုံ့ပြန်ဖြေကြားရာ၌ SMS ပေးပို့ရသည့် ကုန်ကျစရိတ်များ သက်သာစေရန် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဆက်သွယ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းပေးပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည်လည်း ပြည်သူများဖြစ်၍ အခြားဌာနများ၌ ဝန်ဆောင်မှုများ သွားရောက်ရယူရာတွင် (Public Feedback Programme–PFP) အစီအစဉ်ကို တက်ကြွစွာ ပါဝင်ဖြေကြားပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမြတ်နိုင်က ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စံနှုန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဇွန် ၁၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို



ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၃၉၈၉၈ အိတ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လောင်စာတောင့်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ အပါအဝင် စုစုပေါင်း ၂,၀၈၃ ဒသမ ၄၄ တန်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၇ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၆၉,၈၂၅ ဒသမ ၃၆ တန်နှင့် ဒီဇယ် ၂၄၉,၇၆၂ ဂါလန်၊ Octane 92 ၁၉၉,၈၈၆ ဂါလန်ကို ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ဇွန် ၁၇ ရက်က အလုံမြို့နယ် စောရန်ပိုင်(တောင်)ရပ်ကွက် ၄ဝါလမ်းနှင့် သစ်တောလမ်းထောင့်ရှိ အလုံဈေးရှေ့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု အသိပညာပေးဆိုင်းဘုတ်စိုက်ထူ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** ကိုကြီးတင်

# အူရီဒူးမြန်မာမှ "Gameverse - Mission 2024" ဗိုလ်လုပွဲပြိုင်ပွဲကျင်းပ အမျိုးသား AI Esports အသင်းနှင့် အမျိုးသမီး NET Angels အသင်း ချန်ပီယံဆုဆွတ်ခူးရရှိ

**ရန်ကုန် ဇွန် ၁၇**

အူရီဒူးမြန်မာက ကျင်းပသည့် Gameverse – Mission 2024 ၏ ဗိုလ်လုပွဲပြိုင်ပွဲစဉ်များကို ဇွန် ၁၆ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

အဆိုပါ အမျိုးသမီးအသင်း ဗိုလ်လုပွဲတွင် NET Angels နှင့် Falcon Daisies တို့ ယှဉ်ပြိုင်ကြရာ NET Angels အသင်းက Falcon Daisies အသင်းကို သုံးပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဖြစ်ခဲ့သည်။ ထို့ပြင် အမျိုးသားအသင်း ဗိုလ်လုပွဲတွင် AI Esports နှင့် Falcon Esports တို့ ယှဉ်ပြိုင်ခဲ့ကြရာ AI Esports က Falcon Esports ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကာ ချန်ပီယံဖြစ်ခဲ့သည်။

ယင်းပြိုင်ပွဲ၌ အမျိုးသမီးအသင်းအတွက် ဆုကြေးငွေ ကျပ်သိန်း ၂၀၀၊ အမျိုးသားအသင်းအတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

"ဒီပြိုင်ပွဲက မယုံကြည်နိုင်လောက်တဲ့ အံ့သြဖွယ်ရာတွေနဲ့ ပူးပေါင်းပါဝင်မှုတွေဟာ တကယ်ကိုပဲ စိတ်အားထက်သန်စေပါတယ်။ အူရီဒူး



မြန်မာက မြန်မာနိုင်ငံရဲ့ eSports ကဏ္ဍကို ဆက်လက်ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏ Chief Commercial Officer မှ Mr. Eduardo Quiroga က ပြောသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသားအသင်း ၂၃၁ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အာကာစိုး**

❍ *ကျော်ဖုံးမှ*

အင်္ဂလန်အသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်မည့် အသင်းအဖြစ် ထင်ကြေးပေးခံနေရသော်လည်း ယခုပွဲစဉ်တွင် ဆားဘီးယားအသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခြင်းမရှိဘဲ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့သော်လည်း နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် ပွဲချိန် ၁၃ မိနစ်တွင် ရရှိခဲ့သောကွင်းလယ်ကစားသမား ဘယ်လင်ဂမ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဆားဘီးယားအသင်းကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဆားဘီးယား အသင်းသည် နာမည်ကြီး အင်္ဂလန်အသင်း၏ ဖိအားပေးမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်သွားခြင်းမရှိဘဲ ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့်အတူ ပြိုင်ဘက်ကို အခက်တွေ့အောင် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည်။

အင်္ဂလန် အသင်းအတွက် သွင်းဂိုးရယူနိုင်ခဲ့သော ဘယ်လင်ဂမ်သည် အသက် ၂၁ နှစ် မပြည့်မီတွင် နိုင်ငံတကာ အဓိကပြိုင်ပွဲသုံးခုကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ပထမဆုံး ဥရောပကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အင်္ဂလန် အသင်းသည် လာမည့်ပွဲစဉ်တွင် အသင်းကြီးဒိန်းမတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆားဘီးယားအသင်းက စလိုဗေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇွန် ၁၇ ရက်ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်သည့် ရိုမေးနီးယားနှင့် ယူကရိန်းတို့ပွဲတွင် ရိုမေးနီးယားက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**အောင်ဇော်**

# ကောက်ရိုးများကို မီးမရှို့ဘဲ မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး တောင်သူဝင်ငွေတိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဇွန် ၁၇**
စနေနေ့တိုင်း ကျင်းပလျက်ရှိသည့် တောင်သူ နည်းပညာဆွေးနွေးပွဲကို ဇွန် ၁၅ နံနက်ပိုင်းက (၃၈) ကြိမ်မြောက်အဖြစ် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာနိုင်ကြည်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်မှ တောင်သူ ၃၇ ဦး စိုက်ပျိုးရေးပညာရှင်ဝန်ထမ်း ၇၅ ဦး Zoom ဖြင့် တက်ရောက်သူ ၉၀ စုစုပေါင်း ၂၀၂ ဦး တက်ရောက်ကြကာ "ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနမှူး ဒေါက်တာဥမ္မာခင်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းစိုးတို့က ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အတွေ့အကြုံများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယနေ့ မှိုစိုက်ပျိုးထုတ်လုပ်မှု ရည်ရွယ်ချက်များမှာ မိမိတို့နိုင်ငံ၏ မိုးစပါး ကေ ၁၅ သန်း၊ နွေစပါး ၂ ဒသမ ၅ သန်းမှ ရရှိသော ကောက်ရိုးများကို သီးထပ်စိုက်ရန် ရှင်းလင်းရာတွင် မီးမရှို့ဘဲ ဘက်ပေါင်းစုံမှ အကျိုးရှိအောင် အသုံးချခြင်း နည်းလမ်းများထဲမှ တစ်မျိုးဖြစ်သည့် ကောက်ရိုးကို အသုံးချ၍ မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းကို တောင်သူကြီးများ လုပ်ကိုင်လာကြစေခြင်းဖြင့် မှိုစိုက်ပျိုးရေးနှင့် မှိုမျိုးထုတ်လုပ်ခြင်းဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ထွန်းကားလာစေရန်ဖြစ်ကြောင်း။

လေ့လာထားရှိချက်များအရ စပါး ကောင်း၊ သင့်၊ ညံ့ပေါ်မူတည်၍ စပါး တစ်တန်ထွက်လျှင် ကောက်ရိုး တစ်တန်မှ ၁ ဒသမ ၅ တန်အထိ ထွက်ရှိနိုင်ပြီး လက်ရှိ ပျမ်းမျှအထွက်နှုန်းနှင့် ဆိုပါက ကောက်ရိုး သုံးတန်မှ ၃ ဒသမ ၅ တန်ထွက်ရှိနိုင်ကြောင်း၊ စပါး အလွန်ကောင်းပါက ကောက်ရိုး လေးတန်မှ ငါးတန်အထိ ထွက်ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနက မူဝါဒတစ်ရပ်အနေဖြင့် ကောက်ရိုးမီးမရှို့ရေးနှင့် ကောက်ရိုးမှ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ တိရစ္ဆာန်စာနှင့် မြေဆွေး ပြုလုပ်သုံးစွဲရေး၊ မှိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေးတို့အတွက် သုတေသနပြုခြင်းနှင့် နည်းပညာ ပြန့်ပွားရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း။

စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ရိုးမှိုများကို ဘေးကင်း အန္တရာယ် ကင်းရှင်းသော စားသောက်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးနှင့် ဟင်းခတ်အမှုန့်များ ထုတ်လုပ်နိုင်သည်အထိ စမ်းသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မှိုနှင့် ပတ်သက်၍ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ဟင်းခတ်မှုန့် ပြုလုပ်မည်ဆိုပါမည်သည့်မှိုက အချိုဆုံးဖြစ်ပြီး အသင့်တော်ဆုံး ဖြစ်သည်ကိုလည်း သိရှိရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တောင်သူနည်းပညာဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ပညာရှင်များက ဖြေကြားခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၇**
နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် အေးရှားဝေါဆိပ်ကမ်း (AWPT-2) မှ ပြောင်းစေ့ တန်ချိန် ၅၄၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်း (MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တင်ပို့ခဲ့သည်။



ထို့အပြင် ဇွန် ၁၈ ရက်တွင် ဆူးလေဆိပ်ကမ်း (SPW) မှ ဆန်တန်ချိန် ၅၈၈၀၀၊ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (AIPT)မှ ပြောင်းစေ့တန်ချိန် ၃၃၀၀၀၊ ဆန်တန်ချိန် ၁၂၅၀၀၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT) မှ ဆန်တန်ချိန် ၁၀၀၀၀၊ ပြောင်းစေ့တန်ချိန် ၂၅၀၀၀၊ Yangon International Gateway Terminal (YIGTL)မှ ဆန်တန်ချိန် ၁၂၅၀၀၊ Myanmar Integrated port Limited terminal (MIPL) မှ ပြောင်းစေ့တန်ချိန် ၂၅၀၀၀၊ မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းစေ့တန်ချိန် ၂၇၀၀၊ သီလဝါဆိပ်ကမ်း (Myanmar International Terminal Thilawa) မှ ပြောင်းစေ့တန်ချိန် ၁၀၈၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port-MIP)မှ ဆန်တန်ချိန် ၁၀၀၀၀၊ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀၊ သီလဝါဆိပ်ကမ်း (Thilawa Multipurpose International Terminal-TMIT)မှ ပြောင်းစေ့တန်ချိန် ၅၂၅၀၀ တန်၊ Wilmar (Wilmar International Port Terminal) မှ ပြောင်းဖူးစေ့တန်ချိန် ၂၁၀၀၀၊ မုတ္တမဆိပ်ကမ်းမှ ပြောင်းစေ့ တန်ချိန် ၂၇၀၀ နှင့် ရွှေမဲဆိပ်ကမ်းမှ ပြောင်းစေ့တန်ချိန် ၂၇၀၀ ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သာစည်မြို့နယ် ထွေအုပ်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**သာစည် ဇွန် ၁၇**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများနှင့် တက္ကသိုလ်တက်ရောက်နေသည့် ဝန်ထမ်းများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ နှုန်း၊ အထက်တန်းအဆင့် ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်း၊ မူလတန်းအဆင့် ၃၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်သည့်ကျောင်းသူတစ်ဦးအား ငွေကျပ် ၂၀၀၀၀၀ နှင့် ရိုးရိုးအောင်မြင်သူနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ တက္ကသိုလ်တက်ရောက်နေသည့် ဝန်ထမ်း လေးဦးကို တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းတို့ဖြင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ပညာသင်ထောက်ပံ့ကြေးများ ထပ်မံချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## မြို့သစ်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပညာပေးဆိုင်းဘုတ်စိုက်ထူ



**မြို့သစ် ဇွန် ၁၇**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်အရ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို မြို့သစ်မြို့ စာတိုက်လမ်း မြို့မဈေးကြီးအနီး၌ ဇွန် ၁၅ ရက်က ဆောင်ရွက်သည်။

အသိပညာပေး ဆိုင်းဘုတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး(ဓာတ်ပုံ) ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများနှင့် မြို့မဈေးကြီးအတွင်းရှိ ဈေးရောင်းဈေးဝယ် ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျွန်းနံ့သာအဏ္ဏဝါအမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်း


ဂွမြို့နယ်အတွင်းရှိ ကျွန်းနံ့သာအဏ္ဏဝါအမျိုးသားဥယျာဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်အတွင်းရှိ ကုန်းမြေ ၇၈၁ ဧကနှင့် ရေပြင် ၂၂၂၁၉ ဧက၊ စုစုပေါင်း ဧရိယာ ၂၃၀၀၀ ဧကကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် **"ကျွန်းနံ့သာအဏ္ဏဝါအမျိုးသားဥယျာဉ်"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် ( ၅၀ /၂၀၂၄)အရ ၁၃၈၆ ခုနှစ် နယုန်လဆန်း ၆ ရက် (၂၀၂၄ ခုနှစ် ၊ ဇွန်လ ၁၂ ရက်) မှ စတင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကျွန်းနံ့သာသည် ဘူမိရုပ်သွင်ထူးခြားသည့် ကျွန်းတစ်ခုဖြစ်ပြီး ဂွမြို့နယ် ကျိန္တလီမြို့၏ အနောက်ဘက် ရေမိုင် ၂၄ မိုင်အကွာတွင် တည်ရှိသော ရခိုင်ကမ်းရိုးတန်းဒေသတစ်ခုဖြစ်၍ အဆိုပါဒေသတွင် သဘာဝဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့ (IUCN) ၏ ကာကွယ်ထိန်းသိမ်းမှုအဆင့် သတ်မှတ်ချက်ဝင် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ကျက်စားနေထိုင်သော အဏ္ဏဝါမျိုးစိတ်များဖြစ်သည့် ပြင်သာလိပ်၊ လိပ်လျှောင်း၊ လိပ်ကြက်တူရွေး၊ လိပ်စောင်းလျားနှင့် လိပ်ခွေးစသည်တို့နှင့် ဝေလငါး၊ ငါးမန်းဖလောင်း၊ ရေဝက်၊ ငါးမန်းအမျိုးမျိုး၊ ငါးလိပ်ကျောက်၊ ရှားပါးသည့် ဗျိုင်းမည်းငှက်မျိုးစိတ်တို့ နေထိုင်ကျက်စားခြင်း၊ ကျွန်း၏ပတ်လည် ပင်လယ်ရေအောက်တွင် ပင်လယ်ရေအောက်ရှို့မီးတောင်နှင့် သန္တာကျောက်တန်းများ တည်ရှိနေခြင်းတို့ကြောင့် ကမ်းရိုးတန်းဒေသရှိ အဏ္ဏဝါမျိုးစိတ်များနှင့် ထူးခြားသည့် ဘူမိရုပ်သွင်များအား ရေရှည်တည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်၍ အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

ကျွန်းနံ့သာအဏ္ဏဝါ အမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းခြင်းအားဖြင့် အဆိုပါဧရိယာအတွင်းရှိ ထူးခြားသည့်ဘူမိရုပ်သွင်တစ်ခုဖြစ်သော ပင်လယ်ရေအောက်ရှို့မီးတောင်နှင့် သန္တာကျောက်တန်းများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် အဏ္ဏဝါမျိုးစိတ်များနှင့် ၎င်းတို့၏ နေရင်းဒေသများ၊ ကမ်းရိုးတန်းဂေဟစနစ်များအား ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ ကျွန်းအနီးပတ်ဝန်းကျင်ရှိ ဒေသခံကျေးရွာ ၁၀ ရွာမှ ဒေသခံရခိုင်လူမျိုးများ၏ မိရိုးဖလာငါးဖမ်းဆီးသည့် လုပ်ငန်းအတွက် အဓိကအားထားရာနေရာတို့အား စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်းနှင့် ဥပဒေနှင့်အညီကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားများ အဆမတန် စုပြုံထားရှိသဖြင့် အခက်အခဲကြုံနေဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇွန် ၁၇**

"အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားများကို သတ်မှတ်လူဦးရေထက် အဆမတန် စုပြုံထားရှိသဖြင့် အကျဉ်းသားများ အခက်အခဲကြုံနေရ" ခေါင်းစဉ်ဖြင့် Tachileik News Agency Facebook Page က ဇွန် ၇ ရက်တွင် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

Tachileik News Agency Facebook Page ၏ ဖော်ပြမှုသည် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ပြီး ဖြစ်စဉ်အမှန်မှာ မန္တလေးဗဟိုအကျဉ်းထောင်တွင် ပင်မထောင်မကြီးနှင့် အသစ်ထပ်မံဆောက်လုပ်ထားသော ထောင်သစ်ဟူ၍ ထောင်နှစ်ခုရှိပြီး အကျဉ်းသားတစ်ဦးလျှင် ၁၈ စတုရန်းပေနှုန်းဖြင့် လက်ခံထိန်းသိမ်းထားကာ လက်ခံနိုင်သည့် အင်အားထက် ပိုမိုခြင်းမရှိကြောင်း။

ဖြစ်စဉ်နှင့် ပတ်သက်၍ စိစစ်ရာတွင် ထိန်းသိမ်းထားရှိသော အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတို့အား အကျဉ်းထောင် လက်စွဲဥပဒေပါအတိုင်း အဝတ်အထည်များကို လိုအပ်သည့် အတိုင်းအတာအထိ ထားရှိရန် ခွင့်ပြုပေးထားပြီး အကျဉ်းထောင်မှ သတ်မှတ် အဝတ်အထည် နှုန်းထားအလိုက် ထုတ်ပေးထားရှိကာ အကျဉ်းထောင်အတွင်း အိပ်ဆောင်များတွင် အဝတ်လှမ်းစင်များ ပြုလုပ်ပေးထားသောကြောင့် လျှော်ဖွတ်ပြီး အဝတ်များကို ခြောက်သွေ့စေရန် အခက်အခဲမရှိ ဆောင်ရွက်နိုင်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ထို့အတူ အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းထောင်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများဖြင့် အကျဉ်းသား/အချုပ်သားများ၏ ကျန်းမာရေးကို စနစ်တကျကုသပေးလျက်ရှိကြောင်း၊ ပြင်ပလူသစ်ရောက်ရှိလာသည့် အခါတွင်လည်း ပွေး၊ ဝဲ ၊ ယားနာများ ပါ/မပါ စစ်ဆေးပြီး ပါရှိလာပါကလည်း ကျန်းမာရေးဝန်ထမ်းများ ရှေ့မှောက်တွင် ဆေးစား/ဆေးလိမ်းခြင်းကို နေ့စဉ်ကြပ်မတ်ကုသပေးလျက်ရှိကြောင်း၊ အကျဉ်းသား/အချုပ်သား တစ်ဦးလျှင် နံနက်/ည ချိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးထားပြီး တစ်ဦးလျှင် သောက်ရေ၊ သုံးရေ တစ်နေ့ ၄၈ ဂါလန်ခန့် ရရှိသုံးစွဲနိုင်ကြောင်း၊ အဝတ်မခြောက်၍၊ အဝတ်မလုံလောက်၍ ဖြစ်ရသော ပွေး၊ ဝဲ၊ ယားနာ လူနာများမရှိကြောင်း သိရသည်။

အလားတူ အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိကြောင်း၊ လတ်တလောတွင် အကျဉ်းသူအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမရှိကြောင်း၊ ကိုယ်ဝန်ဆောင် အကျဉ်းသူ / အချုပ်သူများ၊ ကလေးမိခင်များနှင့် ကလေးငယ်များအား သီးခြားအိပ်ဆောင်တွင် နေရာချထားပေးပြီး ဖြည့်စွက်အစားအစာကျွေးမွေးခြင်း၊ ကျန်းမာရေး ဝန်ထမ်းများက နေ့စဉ်ကျန်းမာရေး စစ်ဆေးပေးခြင်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့မှ တစ်လတစ်ကြိမ် အစားအသောက်နှင့် အဝတ်အထည်များ ပံ့ပိုးပေးခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လိုအပ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ကာလအလိုက် တိုက်ကျွေး/ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အစားအသောက်ဝေငှရာတွင် လည်းကောင်း၊ ချိုးရေ/သုံးရေ သုံးစွဲရာတွင်လည်းကောင်း သီးခြား ဆောင်ရွက်ပေးခြင်းတို့ကြောင့် ကလေးများ၌ အပူနာ၊ မိတ်ဖုများ၊ အရေပြား ရောဂါများ စွဲကပ်ခြင်း မရှိကြောင်း သိရသည့်အတွက် Tachileik News Agency Facebook Page တွင် ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**မင်းသူ**

ညောင်ရွှေမြို့နယ် ရွှေခါးဘုန်းတော်ကြီးကျောင်းဝင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်း၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပျိုးပင်မျိုးစုံ ၅၅၀ စုပေါင်းစိုက်ပျိုးစဉ်။

စိုင်းအယ်ဘဲ



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၁၆ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ma Hnin Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ် (၄) ရပ်ကွက်နေ နှင်းနုဝေအား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရေစကြိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာတစ်ဝန်း နျူကလီးယားထိပ်ဖူးများ ဖြန့်ကြက်ချထားမှု ၆၀ ရာခိုင်နှုန်းမြင့်တက်

စတော့ဟုမ်း ဇွန် ၁၇

**ကမ္ဘာတစ်ဝန်းတွင် ဒုံးကျည်များ၊ လေယာဉ်များနှင့်အတူ ဖြန့်ကြက်ချထားသော နျူကလီးယား ထိပ်ဖူးပေါင်းမှာ ယမန်နှစ်ကထက် ၆၀ ရာခိုင်နှုန်း တိုးလာကြောင်း ဆွီဒင်ပညာရှင်အဖွဲ့တစ်ဖွဲ့က ပြောသည်။**

စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအဖွဲ့က တွေ့ရှိချက်ကို ၎င်း၏ နှစ်လယ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီတွင် နျူကလီးယားထိပ်ဖူးပေါင်း ၁၂၁၂၀ ခု ရှိကြောင်းနှင့် ယခင်နှစ်ကထက် ၃၉၁ ခု ကျဆင်းကြောင်း အဆိုပါအဖွဲ့က ခန့်မှန်းထားသည်။

ရုရှားနိုင်ငံက နျူကလီးယားထိပ်ဖူးပေါင်း ၅၅၈၀ ရှိပြီး ယင်းနောက်တွင် အမေရိကန်နိုင်ငံက နျူကလီးယား ထိပ်ဖူးပေါင်း ၅၀၄၄ ခုရှိကြောင်းလည်း ခန့်မှန်းထားသည်။ ယင်းနှစ်နိုင်ငံတွင် ကမ္ဘာတစ်ဝန်း စာရင်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့် ပိုင်ဆိုင်ထားသည်ဟု ယုံကြည်ရသည်။

နျူကလီးယားထိပ်ဖူးစုစုပေါင်းအနက် ခန့်မှန်းခြေ ထိပ်ဖူး ၃၉၀၄ ခု သို့မဟုတ် ၃၀ ရာခိုင်နှုန်း ကျော်သည် ဒုံးကျည်များ၊ လေယာဉ်များနှင့်အတူ ဖြန့်ကြက်ချထားကြောင်း သိရသည်။ လူသားသမိုင်း တစ်လျှောက်တွင် အန္တရာယ်အရှိဆုံးကာလတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် အင်အားကြီးနိုင်ငံများအနေဖြင့် နောက်ပြန်ဆုတ်ကာ လေးလေးနက်နက် စဉ်းစားသုံးသပ်ရမည့်အချိန်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ




# ၂၀၂၃ ခုနှစ်အတွင်း နျူကလီးယားလက်နက်များအတွက် ကမ္ဘာလုံးဆိုင်ရာအသုံးစရိတ် ၁၃ ရာခိုင်နှုန်းတိုးမြင့်

**တိုကျို ဇွန် ၁၇**

၂၀၂၃ ခုနှစ် အတွင်း ကမ္ဘာလုံးဆိုင်ရာ နျူလက်နက်များအတွက် ခန့်မှန်းခြေ အသုံးစရိတ်စုစုပေါင်း ဒေါ်လာ ၉၁ ဒသမ ၄ ဘီလီယံ ရှိပြီး အဆိုပါကိန်းဂဏန်းသည် ၂၀၂၂ ခုနှစ်ကထက် ၁၃ ရာခိုင်နှုန်းကျော် တိုးလာခဲ့ကြောင်း နျူကလီးယားလက်နက်များ ဖျက်သိမ်းရေး နိုင်ငံတကာလှုပ်ရှားမှုအဖွဲ့ (ICAN)က ဆိုသည်။

**ခန့်မှန်းအသုံးစရိတ်ထုတ်ပြန်**

အဆိုပါအဖွဲ့က ၂၀၂၃ ခုနှစ်တွင် နိုင်ငံကိုးနိုင်ငံမှ နျူကလီးယားလက်နက်များအတွက် ခန့်မှန်းအသုံးစရိတ်ကို ဇွန် ၁၇ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများအနက် နျူကလီးယားလက်နက် မပြန့်ပွားရေးသဘောတူစာချုပ်အရ အသိအမှတ်ပြုထားသော နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် နိုင်ငံငါးနိုင်ငံဖြစ်သည့် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်တို့အပြင် အိန္ဒိယ၊ အစ္စရေးနှင့် ပါကစ္စတန်တို့လည်း ပါဝင်သည်။

၂၀၂၃ ခုနှစ်တွင် အဆိုပါလက်နက်များ အတွက် ခန့်မှန်းခြေအသုံးစရိတ်သည် စုစုပေါင်းဒေါ်လာ ၉၁ ဒသမ ၄ ဘီလီယံခန့်ရှိပြီး ယခင်နှစ်ထက် ၁၃ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ အမေရိကန်သည် နျူလက်နက်အတွက် ဒေါ်လာ ၅၁ ဒသမ ၁ ဘီလီယံခန့် သုံးစွဲခဲ့ပြီး ယင်းသည် နိုင်ငံကိုးနိုင်ငံအသုံးစရိတ်များ၏ ထက်ဝက်ကျော်ရှိကာ တစ်နှစ်ထက်တစ်နှစ် ၁၇ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာသည်ဟု ဆိုသည်။ ယင်း၏နောက်တွင် တရုတ်က ဒေါ်လာ ၁၁ ဒသမ ၉ ဘီလီယံဖြင့် ၆ ဒသမ ၇ ရာခိုင်နှုန်း၊ ရုရှားက ၈ ဒသမ ၃ ဘီလီယံဖြင့် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။

နျူကလီးယားလက်နက်များ ဖျက်သိမ်းရေး နိုင်ငံတကာလှုပ်ရှားမှုအဖွဲ့က ယင်းကဲ့သို့ အချက်အလက်များကို စတင်ထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကမ္ဘာလုံးဆိုင်ရာသုံးစွဲမှုမှာ ၃၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း ထုတ်ပြန်ထားသည်။

**ခြိမ်းခြောက်မှုကိုသာဖြစ်စေ**

လွန်ခဲ့သည့်ငါးနှစ်အတွင်း ယင်းအဖျက်လက်နက်များအပေါ် အရှိန်မြှင့်သုံးစွဲမှုများသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို မတိုးတက်စေဘဲ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုကိုသာ ဖြစ်စေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# နိုတိုငလျင်ဒဏ်သင့်သူများ လူမှုနေထိုင်မှုပုံစံနှင့် ဆက်နွယ်သောရောဂါများ ခံစားနေကြရ

**တိုကျို ဇွန် ၁၇**

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဝါဂျီမာမြို့၌ နှစ်သစ်ကူးနေ့က လှုပ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်သင့် ပြည်သူများသည် ငလျင်ဒဏ် နောက်ဆက်တွဲ လူမှုနေထိုင်မှုပုံစံနှင့်ဆက်နွယ်သည့် ရောဂါဖြစ်ပွားသူဦးရေ တိုးလာလျက်ရှိကြောင်း သိရသည်။

ယာယီအမိုးအကာများတွင် ခိုလှုံနေချိန် စားသောက်မှုပုံစံများအပြင် စိတ်ဖိစီးမှုနှင့် အခြားသောအချက်များကြောင့် ထိုသို့ဖြစ်ပွားခြင်းဖြစ်ကြောင်း ဝါဂျီမာမြို့တော်ဆေးရုံက ပြောသည်။ နိုတိုကျွန်းဆွယ် ငလျင်အပြီးတွင် ဆီးချို၊ သွေးတိုးနှင့် သွေးဖိအားမြင့်တက်သည့် ရောဂါဖြစ်ပွားသော လူနာများကို လစဉ်စစ်ဆေးတွေ့ရှိရကြောင်း ဆေးရုံတာဝန်ရှိသူများက ဆိုသည်။ ဇန်နဝါရီလတွင် လူနာအားလုံး၏ ၇ ရာခိုင်နှုန်းကျော်သည် အနည်းဆုံး ရောဂါတစ်ခုဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့ရပြီး ယင်းကိန်းဂဏန်းသည် ယခင်နှစ်က မှတ်တမ်းတင်ထားသည့် ၂ ဒသမ ၅ ရာခိုင်နှုန်းထက် သုံးဆနီးပါးမြင့်တက်လာခြင်းဖြစ်သည်။ ဤလူနေမှုပုံစံနှင့် ဆက်နွယ်သည့် ရောဂါရှိသူ အရေအတွက်မှာ မြင့်မားနေဆဲဖြစ်ပြီး ဇွန် ၁၃ ရက်အထိ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိသဖြင့် ယမန်နှစ်က မှတ်တမ်းတင်ထားသည့် ၁ ဒသမ ၆ ရာခိုင်နှုန်းထက် နှစ်ဆပိုများသည်ဟု ဆိုသည်။

အင်န်အိတ်ချ်ကေ



# ကလေးငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ရေး လာအိုအစိုးရ အရှိန်မြှင့်လုပ်ဆောင်

**ဗီယင်ကျန်း ဇွန် ၁၇**

လာအိုနိုင်ငံတစ်ဝန်းလုံး အတိုင်းအတာဖြင့် ဝက်သက်နှင့် ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့် လှုပ်ရှားမှုတွင် ရလဒ်ကောင်းများရရှိခဲ့ပြီး ဆေးထိုးနှံရန်သတ်မှတ်ထားသည့် ကလေးများ၏ ၉၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်သည်။

လာအိုအစိုးရသည် ဝက်သက်နှင့် ဂျိုက်သိုးရောဂါများ မဖြစ်ပွားစေရန်အတွက် အသက်ကိုးလမှငါးနှစ်အထိ ကလေးငယ်အားလုံး၏ အနည်းဆုံး ၉၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးရန် ရည်မှန်းထားကြောင်း လာအိုကျန်းမာရေး ဝန်ကြီးဌာနက ဇွန် ၁၇ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အစိုးရ၏မူဝါဒအရ ပြည်နယ်အားလုံးရှိ ကလေးများသည် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ခုခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် ကာကွယ်ဆေးများ ထိုးနှံနိုင်ကြပြီး ပြည်သူ့ကျန်းမာရေးဌာန အားလုံးတွင် ကာကွယ်ဆေးကို အခမဲ့ရရှိနိုင်မည်ဖြစ်သည်။ လာအိုကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းကို ၂၀၂၄ ခုနှစ် မေ ၂၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၌ ပြင်းထန်သော ရာသီဥတုကြောင့် မွေးမြူရေးတိရစ္ဆာန်ပေါင်း ရှစ်သန်းနီးပါးသေဆုံး

**အူလန်ဘာတာ ဇွန် ၁၇**

ပြင်းထန်သော ရာသီဥတုအခြေအနေများကြောင့် ယခုနှစ် ပထမငါးလအတွင်း မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း မွေးမြူရေးတိရစ္ဆာန်ပေါင်း ၇၉၄၉၄၀၀ ထက်မနည်း သေဆုံးကြောင်းအမျိုးသားစာရင်းအင်းရုံးက တနင်္လာနေ့တွင် ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

မွေးမြူရေးတိရစ္ဆာန် သေဆုံးမှုနှုန်းသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၂ ဆမြင့်တက်လာကြောင်း စာရင်းအင်းအေဂျင်စီက ပြောသည်။ ဆီးနှင်းထူထပ်စွာ ကျဆင်းမှု၊ သဲမုန်တိုင်း သို့မဟုတ် ဖုန်မုန်တိုင်းတိုက်ခတ်မှုများနှင့်အတူ ပြင်းထန်သော ဆောင်းရာသီရာသီဥတုက တိရစ္ဆာန်များ သေဆုံးရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ ပြီးခဲ့သည့်ဆောင်းရာသီတွင် မွန်ဂိုလီးယားနိုင်ငံသည် ၁၉၇၅ ခုနှစ်နောက်ပိုင်း စံချိန်တင် ဆီးနှင်းကျဆင်းမှုနှင့် တွေ့ကြုံခံစားခဲ့ရကြောင်း၊ ထို့ပြင် နိုင်ငံ၏ နယ်မြေ ၉၀ ရာခိုင်နှုန်းဝန်းကျင်မှာ ဆီးနှင်းများဖြင့် ဖုံးလွှမ်းထားပြီး ၁၀၀ စင်တီမီတာအထူအထိ ရှိခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် နှစ်ကုန်တွင် မွန်ဂိုလီးယားနိုင်ငံ၌ မွေးမြူရေးတိရစ္ဆာန်ပေါင်း ၆၄ ဒသမ ၇ သန်းရှိကြောင်း စာရင်းအင်းအေဂျင်စီက ပြောသည်။

ဆင်ဟွာ



# ခရမ်းသီးစိုက်တောင်သူများ ဈေးကောင်းရ၍ လုပ်ငန်းအဆင်ပြေ



ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံ တစ်မျိုးဖြစ်သော ခရမ်းသီးကို လည်း ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း၊ မျိုးအနေဖြင့် ခရမ်းသီးအလုံးသေး (မြှုပ်ခရမ်း) နှင့် အလုံးကြီးမျိုး (555) မျိုးတို့ကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။ ခရမ်းသီး စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်ပြီး တစ်လခွဲသားအရွယ်၌ စိုက်ပျိုးရကြောင်း၊ နှစ်လခွဲ သုံးလအချိန်တွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး လေးရက်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်သည့် အချိန်မှစ၍ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုထွက်ရှိလာကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့်တစ်ပတ်လျှင် အလုံးသေး (မြှုပ်ခရမ်း) မှာ ပိဿာ ၃၀၀-၄၀၀ ခန့် ထွက်ရှိပြီး အလုံးကြီးမျိုး (555) မှာ ပိဿာ ၅၀၀-၆၀၀ခန့်အထိထွက်ရှိကြောင်းနှင့် သက်တမ်း ၄-၅ လအထိ ခူးဆွတ်နိုင်ကြောင်း သိရသည်။

ခရမ်းသီး စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်းနှင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းထဲအထိ လာရောက်ဝယ်ယူသည့်အတွက် သယ်ယူစရိတ်သက်သာကြောင်း၊ ခရမ်းသီးအလုံးသေး (မြှုပ်ခရမ်း) မှာ စားသုံးသူများ ပိုမိုနှစ်သက်၍ အရောင်းအဝယ်သွက်လျက်ရှိပြီး ယခုနှစ် ခရမ်းသီးစိုက် တောင်သူများ ဈေးကောင်းရ၍ တွက်ခြေကိုက်ကြောင်း ခရမ်းစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA(မန္တလေး)**

# မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာ၌ မိုးမြေပဲများ အောင်မြင်စွာ စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စုရှိ ပုထိုးစမ်းကျေးရွာသည် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ မြေပဲစိုက်တောင်သူ ဦးရေမှာ ၆၀ ခန့်ရှိပြီး စုစုပေါင်း ဧက ၄၀၀၀ နီးပါးခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



မြေပဲကို မိုးမြေပဲနှင့် ဆောင်းမြေပဲဟူ၍ ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး မိုးမြေပဲကို မေလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးကာ ရက်ပေါင်း ၈၀ အကြာတွင် ခူးဆွတ်ရကြောင်း၊ မိုးမြေပဲစိုက်တောင်သူများသည် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရခြင်းဖြစ်သောကြောင့် ရာသီဥတုဖောက်ပြန်သောနှစ်များတွင် သီးနှံအထွက်နှုန်း လျော့နည်းနိုင်ကြောင်း၊ စိုက်ပျိုးမည့်မျိုးကို တောင်သူ အချင်းချင်းထံမှ တစ်ပြည်လျှင် ငွေကျပ် ၉၀၀၀ ဈေးနှုန်းဖြင့်ဝယ်ယူရပြီး တစ်ဧကလျှင် မျိုးနှစ်တင်းခန့် အသုံးပြုရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမှုအတွက် ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် တင်း ၁၀၀ နီးပါးထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်၍ အထွက်နှုန်းကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း မြေပဲစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

# မြင်းခြံခရိုင်တွင် ဆောင်းပဲတီစိမ်းများ ရိတ်သိမ်းပြီးစီး၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိ

မြင်းခြံခရိုင်ရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် ပဲမျိုးစုံ၊ နှမ်း၊ ဝါနှင့် ကြက်သွန်တို့ကို အများဆုံး စိုက်ပျိုးပြီး ဆောင်းပဲတီစိမ်းကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ရိတ်သိမ်းလေ့ရှိကြောင်း၊ ဆောင်းပဲတီစိမ်းကို မေလနှင့်ဇွန်လတို့တွင် ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆောင်းပဲတီစိမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြင်းခြံခရိုင်၌ ၆၁၇၆ ဧက စိုက်ပျိုးထားရှိပြီး စိုက်ဧက အားလုံးရိတ်သိမ်းပြီးဖြစ်ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၁၂ ဒသမ ၅၈ တင်းဖြင့် စုစုပေါင်း တင်း ၇၇၆၇၀ ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မြင်းခြံ၊ နွားထိုးကြီး ဈေးကွက်များမှတစ်ဆင့် မန္တလေးသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**DOCA(မန္တလေး)**



# နွေနှမ်းများ ရိတ်သိမ်းလျက်ရှိပြီး ယခင်နှစ်ထက် ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ နွေနှမ်းများ စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၃၂၂၄၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၂၂၉၆၀ ၊ မြစ်သားမြို့နယ်၌ ၃၄၄၂၉ ဧကဖြင့် စုစုပေါင်း ၈၉၆၃၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နွေနှမ်းကို မတ်လတွင် စတင်စိုက်ပျိုးပြီး ယခုဇွန်လဆန်းမှ စတင်၍ နွေနှမ်းများ ရိတ်သိမ်းလျက်ရှိကြောင်း၊ နွေနှမ်းစိုက်ပျိုးမှုအနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး နွေနှမ်းများ စတင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရလျက်ရှိကြောင်း နွေနှမ်းစိုက်ပျိုးသူတောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**

## ၁၇ – ၆ – ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၂၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၄၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၃၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၆၀၀၀ | ၁၇၀၀၀ | ၅၇၇၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၂၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၇၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၄၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၂၀၀ | ၅၇၀၀ | ၁၁၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၅၂၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၅၈၀၀ | ၅၇၀၀ | ၁၁၂၀၀ | ၂၈၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၀၀၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၅၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချီသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အဘိဓာန်ပညာနိဒါန်း | မောင်ခင်မင်(ဓနုဖြူ) | ဦးစိုင်းနွံနွတ်<br>The Key Colletcion |
| ၂။ | ညဆိုး | အောင်မင်း | ဦးသန်းဆွေ<br>Unity Publishing House |
| ၃။ | ၂၁ ရာစု လူငယ့်စိတ် လူငယ့်အတွေး | ကလောင်စုံ | ဦးနိုင်ဝင်းဇော်<br>မိုးကောင်းမြေစာပေ |
| ၄။ | ဘဝအဓိပ္ပာယ်ကို ရှာဖွေခြင်း | တိမ်သွေးအိမ် | ဦးနိုင်ဝင်းဇော်<br>မိုးကောင်းမြေစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန



## အမရပူရမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စုရှိ ယန္တယား အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေး၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာ ဝန်ကြီး ဦးအောင်ကျော်မိုးနှင့် ဥပဒေချုပ် ဦးမြင့်အောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မယ်ဇယ်၊ သဘော်တည်၊ တပေဘူတ၊ ပိတောက်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ကုက္ကို၊ မဲဇလီ၊ တမာ၊ ရင်းမာ၊ မန်ကျည်း၊ ခရေ စသည့် သစ်မျိုး ၁၃ မျိုး စုစုပေါင်း ၅၅၂ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## လှိုင်မြို့နယ်၌ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းမှ စားသောက်ဆိုင်၊ ရွှေနှင့်လက်ဝတ်ရတနာဆိုင်၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်၊



ဟိုတယ်/တည်းခိုခန်းလုပ်ငန်း၊ ကိုယ်ပိုင်ကျောင်း၊ အထူးကုဆေးရုံနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်သူ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဇွန် ၁၄ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးကာ အခွန်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ သင်တန်း/စီမံ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ သရက်၊ ဖန်ခါး ပျိုးပင်များကို စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ် သနတ္တန်းကျေးရွာမှ လောင်းကစားဝိုင်းကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးနေသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သနတ္တန်းကျေးရွာမှ လောင်းကစားဝိုင်း တစ်ခုကို ဇွန် ၁၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများကဝင်ရောက် ဖမ်းဆီးခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးချိန်တွင် လောင်းကစားဝိုင်းကို




လုံခြုံရေး ဆောင်ရွက်ပေးနေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသား တစ်ဦး၏ ပေါင် ကျည်ထိမှန်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဇွန် ၁၆ ရက် နံနက်ပိုင်းက သနတ္တန်းကျေးရွာတွင် ဒေသခံပြည်သူများ ကျားပိုက်ထောင် ငါးဖမ်းခြင်း လုပ်ငန်းလုပ်ကိုင်ရာ နေရာသို့ အကြမ်းဖက်သမား ခြောက်ဦး လက်နက်ငယ်များဖြင့် ရောက်ရှိလာပြီး ဒေသခံပြည်သူများထံမှ ငွေကျပ် ၁၀ သိန်း၊ ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ ရွှေဆွဲကြိုးများ ကာလတန်ဖိုး ၆၈ သိန်းခန့်နှင့် ဆိုင်ကယ် သုံးစီးတို့ကို ယူဆောင်သွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများက ရွှေထည်ပစ္စည်းများ ယူဆောင်စဉ် ထွက်ပြေးရန်ပြုလုပ်သည့် ကျေးရွာသား တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဝမ်းဗိုက်ရှပ်ထိပြီး ဝဲဘက်ပေါင်တွင် ကျည်ဖောက်ထွက် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၃ ဦး တွေ့ရှိ

(၁၇-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၉-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၃,၈၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မိုးဥတုချိန်ခါရောက်ရှိလာ တိုင်းရင်းဆေးဖြင့် ရောဂါကာကွယ်စောင့်ရှောက်ပါ

*ဒေါက်တာစုစုဌေး၊ ဆွေဆွေ၊ ရီရီစန်း၊ နေနေနိုင်ရီ (တိုင်းရင်းဆေးပညာဦးစီးဌာန)*

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်းများအနက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလည်းပါဝင်ပါသည်။ ၎င်းအခန်းကဏ္ဍကို သက်ဆိုင်ရာနိုင်ငံတို့၏ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိပညာရှင်တို့က အလေးအနက်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြပါသည်။

**ကျန်းမာရေးပညာရှင်တို့က ပညာပေး**


ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ အဓိကမှာ အဖြစ်များသည့် ကျန်းမာရေးပြဿနာများနှင့် ၎င်းတို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းများအကြောင်းကို သက်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာ ပညာရှင်တို့က ပညာပေးခြင်း လုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

အနောက်တိုင်းဆေးသိပ္ပံပညာရပ်ဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ် (၈)ရပ် ချမှတ်ထားရာ လူသားတို့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဆေးသိပ္ပံပညာရပ်ပေါ်တွင် လုံးလုံးလျားလျား မှီခိုအားထားခြင်းသာမက Alternative Medicine (ပေါင်းကူးဆေးပညာ) ကိုလည်း မှီခိုအားထားနေကြရပါသည်။ ၎င်းတို့ထဲမှ Alternative Medicine တွင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် အသီးသီးရှိနေသော အတွေ့အကြုံအခြေခံသည့် တိုင်းရင်းဆေးပညာရပ်သည်လည်း ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ လူသားတို့သည် ခေတ်အဆက်ဆက်တွင် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာရပ်များကို မပစ်ပယ်ရုံသာမက တိုးတက်ဖွံ့ဖြိုးအောင် ထိန်းသိမ်းမြှင့်တင်လျက် ရှိကြပါသည်။

**သမုဋ္ဌာန် (၄)ပါးသည် အရေးကြီးကြောင်း ပညာပေးလမ်းညွှန်ထား**

ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာ့တိုင်းရင်းဆေးပညာတွင် လမ်းညွှန်ပြသထားသည့်နည်းလမ်းမှာ “ကံ၊ စိတ်၊ ဥတု၊ အာဟာရ” တည်းဟူသော သမုဋ္ဌာန် (၄)ပါး ညီညွတ်မျှတ လိုက်လျောညီထွေစွာ နေထိုင်၊ ကျင့်ကြံ၊ ပြုမူ၊ စားသောက်ကြရေးသည် အရေးကြီးကြောင်းကို ပညာပေးလမ်းညွှန်ထားပြီးဖြစ်ပါသည်။ ယခုအခါ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်(၈)ရပ်ထဲတွင် အကျုံးဝင်သည့် အဖြစ်များသော ကျန်းမာရေးပြဿနာများနှင့် ၎င်းတို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်နည်းလမ်းများမှ မိုးဥတုတွင်ဖြစ်လေ့ရှိသော ရောဂါအချို့အား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခြင်းကို မကြာမီ မိုးဥတုသို့ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် တိုင်းရင်းဆေးပညာရှုထောင့်မှ ရေးသားတင်ပြလိုက်ပါသည်။

ဝိသမအဖျားပျောက်ဆေးတွင် ပါဝင်သော ဆေးပစ္စည်းများ


ဆေးခါးကြီး။




နံ့သာဖြူ။

မိုးဥတု၏ ကာလအပိုင်းအခြားမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလတာဖြစ်ပါသည်။ မိုးဥတု၏ သဘာဝအရ မိုးများပုံမှန်ရွာသွန်းခြင်း၊ အအေးဓာတ်များ တဖြည်းဖြည်း လွှမ်းမိုးလာခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင် ရေပြည့်ရေလျှံခြင်း၊ သစ်ပင်၊ တော၊ တောင်တို့ စိမ်းလန်းစိုပြည်ခြင်း၊ သတ္တဝါတို့ အေးမြကြည်လင်၍ သာယာရွှင်လန်းခြင်း စသောလက္ခဏာများကို ပုံမှန်အားဖြင့် တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် မိုးအလွန်ရွာလိုက်၊ နေပူလိုက် တစ်လှည့်စီဖြစ်၍ အပူ၊ အအေး အားပြိုင်တတ်ပါသည်။ အပူ၊ အအေး အားပြိုင်နေသည့်အချိန်တွင် ဥတုနှင့် လိုက်လျောညီထွေအောင်မနေဘဲ ဥတုနှင့် ဆန့်ကျင်ပြီး နေထိုင်စားသောက်ပါက ခန္ဓာကိုယ်အတွင်းဓာတ်များ ဖောက်ပြန်တတ်ပါသည်။

**ရောဂါအဖြစ် အများဆုံးဥတု**

ဥတုဘောဇနသင်္ဂဟဆေးကျမ်းပါ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလနှင့် ဝါခေါင်လများတွင် ပြင်ပလေအားကြီးသည့်အတွက် သည်းခြေဓာတ်ငုပ်ပြီး လေဓာတ်ပျက်တတ်ပါသည်။ မိုးဥတုသည် အလွန်ပူပြင်းသည့် နွေဥတုနှင့် အလွန်အေးမြသည့် ဆောင်းဥတုတို့၏အကြားတွင် ရှိနေခြင်းကြောင့် အပူနှင့် အအေး ရောထွေးပြီး ဖောက်ပြန်သည့်အတွက် ဝမ်းမီးအညံ့ဆုံး၊ ရောဂါအဖြစ်အများဆုံး ဥတုဖြစ်သည်ကို တွေ့ရှိရပါသည်။ အစာကိုခြေချက်ပေးသည့် ဝမ်းမီးနုံ့၍ အစာခြေချက်မှု အားနည်းခြင်းကြောင့် လေထိုးလေအောင့်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ သန်တုတ်ထခြင်းများအပြင် ရာသီအကူးအပြောင်းတွင် အဖြစ်များသည့် နှာစေးချောင်းဆိုးခြင်း၊ တုပ်ကွေးဖျားခြင်းများ ဖြစ်တတ်ပါသည်။

မိုးဥတုတွင်ဖြစ်လေ့ရှိသော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့်စောင့်ရှောက်ရာတွင် လေထိုးလေအောင့်ဖြစ်ရခြင်းမှာ အအေးမိခြင်း၊ မကြေကျက်သောအစာများစားသုံးခြင်း၊ အပူအစပ်များ လွန်စွာစားသုံးခြင်းတို့ကြောင့် အဖြစ်များသည်။ နံဘေးရင်ဘတ်ထိုးအောင့်ခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း လက္ခဏာများကိုလည်း တွေ့ရလေ့ရှိပါသည်။ လေထိုးလေအောင့်သူများသည် ခြေဖျားအေးတတ်သဖြင့် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ရာ၌ ခြေဖျားများပူအောင် အပူပေးခြင်း၊ ကြပ်ထုပ်ထိုးခြင်း၊ ဆေးပူလိမ်းခြင်းနှင့် နံဘေးရင်ဘတ်ဝမ်းဗိုက်တို့ကို ရေနွေးအိတ်ကပ်ပေးခြင်း ပြုလုပ်ပေးနိုင်ပါသည်။ သာမန်လေထိုးလေအောင့်ဖြစ်ပါက ဆားခါးလက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးဖြင့်ဖျော်၍ အကြမ်းပန်းကန်တစ်လုံးစာ သောက်ပေးခြင်း၊ ကန့်ကလာကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်လက်ဖက်ရည်တစ်ဇွန်းစာ ထည့်၍ သောက်ပေးခြင်း၊ ကြေကျက်ခဲသောအစာ၊ ဆီကြော်စာများကို ရှောင်ကြဉ်၍ စွပ်ပြုတ်ရည်ကျဲကျဲ တစ်မျိုးမျိုးသောက်ပေးခြင်း၊ ပူနွေး၍ ကြေကျက်လွယ်သောအစာများ စားသောက်ခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါသည်။ ၎င်းအပြင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၂၅) မတဲမြင့်မိုရ်ကုန်းဆေး၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂) လေမျိုး(၈၀) ဆေးတို့ကိုလည်း တိုင်းရင်းဆေးပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း သောက်သုံးနိုင်ပါသည်။

အစာမကြေဖြစ်ရခြင်းမှာလည်း အစားလွန်ခြင်း၊ အစား စားချိန်မမှန်ခြင်း၊ မကြေညက်နိုင်သော အစားအစာများ စားသုံးခြင်းကြောင့် ဖြစ်တတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ဗိုက်နာခြင်း၊ ရင်ပူခြင်း၊ လေချဉ်တက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းများကို တွေ့ရတတ်ပါသည်။ ပူ၊ စပ်၊ ခါး၊ ငန် အရသာရှိသော အစားအစာများကို စားသောက်နိုင်ပါသည်။ ချင်း(ဂျင်း) သတ္တုရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရှောက်ရည်ဆတူ၊ ဆားအနည်းငယ်ထည့်ပြီး တစ်နေ့နှစ်ကြိမ် အစာစားပြီးတိုင်း သောက်နိုင်ပါသည်။ သံပရာရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ထန်းလျက်တစ်ခဲနှင့် ရောစပ်ပြီး ရေနွေးပူပူနှင့် သောက်ပေးခြင်း၊ အစာကြေဆေး၊ လျက်ဆား တစ်မျိုးမျိုး စားသုံးပေးခြင်းများ ပြုလုပ်နိုင်ပါသည်။ ကြက်သွန်ဖြူ၊ ငရုတ်ကောင်းဟင်းခါး ပူပူနွေးနွေးကို သောက်ပေးနိုင်ပါသည်။ ဆီကြော်စာများ၊ ကြေကျက်ခဲသောအစာများနှင့် အစာမာများကို ရှောင်ကြဉ်သင့်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ**

မိုးဥတုတွင် ဖြစ်လေ့ရှိသော နောက်ရောဂါတစ်မျိုးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပါသည်။ မသန့်ရှင်းသောအစားအစာများ စားသုံးမိခြင်း၊ မသန့်ရှင်းသောသောက်ရေသုံးရေများ၊ ယင်နားစာများစားသုံးခြင်းနှင့် မသန့်ရှင်းသောလက်များမှ တစ်ဆင့် ရောဂါပိုးများကပ်ငြိပြီး ဖြစ်ပွားနိုင်ပါသည်။ အသက်အရွယ်မရွေး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေတတ်ပါသည်။ ရောဂါလက္ခဏာများမှာ ဝမ်းအရည်များ မကြာခဏသွားခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အိပ်မရခြင်း၊ နုံးချည့်ခြင်းများကို တွေ့ရနိုင်ပါသည်။ ဝမ်းအလွန်သွားပါက ခန္ဓာကိုယ်အတွင်း အရည်ခန်းခြောက်ခြင်းဖြစ်စေနိုင်၍ အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နနွင်းမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ပျားရည်ဖြင့်

*စာမျက်နှာ ၁၇ သို့*

**“ မိုးဥတု၏ သဘာဝအရ မိုးများပုံမှန်ရွာသွန်းခြင်း၊ အအေးဓာတ်များ တဖြည်းဖြည်း လွှမ်းမိုးလာခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင် ရေပြည့်ရေလျှံခြင်း၊ သစ်ပင်၊ တော၊ တောင်တို့ စိမ်းလန်းစိုပြည်ခြင်း၊ သတ္တဝါတို့ အေးမြကြည်လင်၍ သာယာရွှင်လန်းခြင်း စသောလက္ခဏာများကို ပုံမှန်အားဖြင့် တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် မိုးအလွန်ရွာလိုက်၊ နေပူလိုက် တစ်လှည့်စီဖြစ်၍ အပူ၊ အအေး အားပြိုင်တတ်ပါသည်။ အပူ၊ အအေး အားပြိုင်နေသည့်အချိန်တွင် ဥတုနှင့် လိုက်လျောညီထွေအောင် မနေဘဲ ဥတုနှင့် ဆန့်ကျင်ပြီး နေထိုင်စားသောက်ပါက ခန္ဓာကိုယ်အတွင်း ဓာတ်များ ဖောက်ပြန်တတ် ”**



ချင်း။



ဆင်တုံးမနွယ်။

*စာမျက်နှာ ၁၆ မှ*

ရောစပ်၍ တစ်နေ့ သုံးကြိမ် သောက်နိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၅) ဓာတ်လဝင်္ဂဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၃) အစာကြေလေပုပ်ထုတ်ဆေးတို့ကို ဆတူရောစပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်း တစ်နေ့ နှစ်ကြိမ် ရေနွေးဖြင့် သောက်ပေးနိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၄၇) ခုနစ်ပါးဆေးဝါလေးကို နှမ်းဆီဖြင့်ဖျော်၍ ဝမ်းဗိုက်ကို လိမ်းပေးနိုင်ပါသည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပါက ကြက်သားစွပ်ပြုတ်သောက်ပေးခြင်း၊ အုန်းစိမ်းရည် သောက်ပေးခြင်းများ ပြုလုပ်ပေးပါ။ လိုအပ်ပါက ဓာတ်ဆားရည်သောက်ပေးနိုင်ပါသည်။ လတ်ဆတ်သောထမင်းရည်တွင် ဆားအနည်းငယ်ထည့်၍ သောက်ပေးခြင်း၊ ငှက်ပျောသီးဖီးကြမ်းကို ပြုတ်၍ဖြစ်စေ၊ မီးကင်၍ဖြစ်စေ စားပေးခြင်း၊ ကြက်သားကို ကြော်၍ ပါးပါးလှီးပြီး ကြက်သွန်ဖြူများများ၊ ရှောက်၊ သံပရာတို့ဖြင့် သုပ်စားခြင်း၊ ထမင်းမီးဖုတ်ကို ရေနှင့်ဖျော်၍ အရည်သောက်ပေးခြင်း ပြုလုပ်ပေးနိုင်ပါသည်။ သတိပြုရန်အနေဖြင့် ဝမ်းပျက်ဝမ်းလျှောခြင်းသည် ဆန်ဆေးရည်ကဲ့သို့သော ဝမ်းသွားခြင်း၊ ဝမ်းတွင်သွေးများပါလာခြင်း၊ ဖျားခြင်း၊ ကိုယ်အပူချိန်တက်လာခြင်းနှင့် အန်ခြင်း စသောလက္ခဏာများပါ ပူးတွဲခံစားလာရပါက ဝမ်းလျှောလူနာအား နီးစပ်ရာဆေးရုံသို့ လွှဲပြောင်းကုသစေရမည် ဖြစ်ပါသည်။

ယင်းအပြင် မိုးဥတုတွင် ဖြစ်လေ့ရှိသည့်ရောဂါတစ်ခုမှာ ဝမ်းကိုက်ခြင်းဖြစ်ပါသည်။ ဝမ်းဗိုက်ရစ်ရစ်နာ၍ အချွဲပါသောဝမ်း (တစ်ခါတစ်ရံ ဝမ်းအရည်)များ မကြာခဏသွားခြင်းဖြစ်သည်။ ယင်နားစာ၊ မသန့်ရှင်းသောအစားအစာနှင့် ရေများ စားသောက်ခြင်းမှ ဖြစ်ပွားစေပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ဗိုက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းဗိုက်တင်းခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အိပ်မပျော်ခြင်း၊ တစ်ခါတစ်ရံဝမ်းသွားရာတွင် အချွဲသာမက သွေးပါတတ်ခြင်းများ တွေ့ရှိနိုင်ပါသည်။ တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေးခြင်းတွင် ဗိုက်ရစ်ပြီးဝမ်းကိုက်ပါက ဖန်ခါးအမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို တစ်နေ့နှစ်ကြိမ် ရေနွေးပူပူနှင့်တိုက်ပါ။ ဝမ်းကိုက်ခြင်းဖြစ်လာပါက ကြက်သားပြုတ်ကြော် စားခြင်း၊ ထားဝယ်မှိုင်းရွက်၊ သဘော်ရွက်နုနု၊ ရှားစောင်းသိဂ်နိက်အရွက် (kiss me quick)၊ ကျွဲကျောင်းမင်စေးအရွက်၊ ဘောစကိုင်း (အဝေရာ) အရွက်နုတို့ကို ရေနွေးဖျော၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ ကြက်သွန်ဖြူ နှမ်းလှော်တို့ဖြင့် သုပ်၍ စားသုံးနိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂) လေမျိုး (၈၀)ဆေးနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၈) သွေးဒူလာဆေးတို့ကို တိုင်းရင်းဆေးပညာရှင်များ၏ အညွှန်းအတိုင်း သောက်နိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၃၅) ဓာတ်လဝင်္ဂဆေးနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၃၃) အစာကြေလေပုပ်ထုတ်ဆေးတို့ကို ဆတူရောစပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်း တစ်နေ့ နှစ်ကြိမ် ရေနွေးဖြင့် သောက်ပေးနိုင်ပါသည်။ အစားအသောက်ကို အဆာပြေရုံသာစားပါ။ ဆီကြော်စာများ ရှောင်ပါ။ ဝမ်းကိုက်ရောဂါမဖြစ်ပွားစေရန် မသန့်ရှင်းသော၊ မလတ်ဆတ်သော၊ အမှည့်လွန်သော၊ ရေဖြင့် စင်ကြယ်စွာမဆေးထားသော ဟင်းသီးဟင်းရွက်၊ သားငါးများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ။ ဒိန်ချဉ်ခဲနှင့် အဆီထုတ်ထားသော နွားနို့သောက်ခြင်း၊ ဆန်ပြုတ်၊ စွပ်ပြုတ်သောက်ခြင်း ပြုလုပ်ပါ။ မိုးဥတုတွင်ပေါ်သော ရာသီပေါ်ဥသျှစ်သီးကို မကြာခဏကျွေးပေးပါ။ ယင်လုံအိမ်သာသုံးစွဲခြင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ဆေးခြင်း၊ အစားအစာများ မကိုင်တွယ်မီနှင့် အစာမစားမီ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စင်ကြယ်စွာဆေးခြင်း၊ အစားအစာများ ယင်မနားစေရန် အဖုံးအုပ်ထားခြင်းများ ပြုလုပ်ရမည်။







ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက စနစ်တကျသုတေသနပြုလုပ်၍ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားသည့် မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံထုတ် ဝိသမအဖျားပျောက်ဆေးဘူးကို တွေ့ရစဉ်။

> **❝ ဝိသမအဖျားပျောက်ဆေး၏ သုတေသနရလဒ်များအရ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ချမ်းတုန်ခြင်း၊ ဖျားခြင်း၊ နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခန္ဓာကိုယ်နှင့် ကြွက်သားများကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်းစသည့်လက္ခဏာများ သိသိသာသာ သက်သာပျောက်ကင်းကြောင်း တွေ့ရပါသည်။ ဝိသမအဖျားပျောက်ဆေးကို အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်ပြီး တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများသို့ ဌာနသုံးဆေးအဖြစ် အခမဲ့ဖြန့်ဖြူးပေးလျက်ရှိသဖြင့် အကယ်၍ မိမိတို့တွင် ရာသီတုပ်ကွေး လက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာ တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများတွင် သွားရောက်ပြသ၍ ဝိသမအဖျားပျောက်ဆေးကို အခမဲ့ရယူနိုင် ❞**

**ရာသီဥတုအပြောင်းအလဲတွင်**
**ဖြစ်ပွားတတ်သော ရောဂါလက္ခဏာများ**

မိုးဥတုတွင် အများအားဖြင့် ဖြစ်လေ့ရှိသော သန်တုတ်ထခြင်းမှာ မသန့်ရှင်းသောအစားအစာ၊ အမှည့်လွန်စာ၊ ယင်နားစာများ စားခြင်းကြောင့် ဖြစ်သည်။ လက္ခဏာများမှာ ခံတွင်းအနံ့နံခြင်း၊ ဗိုက်ပူ၍ ချက်စူထွက်ခြင်း၊ စအိုဝတွင်ယားယံခြင်း၊ ခြေလက်တို့ အေးစက်ခြင်း၊ မျက်သားဖြူညိုခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းနှင့်အတူ သန်ပါခြင်းလက္ခဏာများ တွေ့ရပါသည်။ သန်ကောင်၊ တုတ်ကောင်ရှိနေပါက သန်ချဆေးကို အသက်အရွယ်အလိုက် သောက်သုံးသင့်ပါသည်။ သန်ရှိပြီး ကိုယ်သားကိုယ်ရေပူနေပါက တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၄၇) ခုနစ်ပါးဆေးဝါလေး ရွေးကြီးတစ်ရွေးခန့်ကို သနပ်ခါးရေကျဲကျဲ (သို့) အုန်းဆီနှင့်ဖြစ်စေ ရောစပ်၍ လည်မျို၊ ရင်ဝနှင့် ဝမ်းဗိုက်များကို လိမ်းပေးနိုင်ပါသည်။ ၎င်းအပြင် နာနတ်သီး ၁၅ ကျပ်သားခန့် တစ်နေ့တစ်ကြိမ် သုံးရက်စားပေးခြင်း၊ ပေါက်ပွင့်ကို သုပ်စားခြင်း၊ ဘောစကိုင်းခေါ် အဝေရာရွက်အနုကို သုပ်စားခြင်း၊ တို့စရာအဖြစ်ပြုလုပ်၍ စားသောက်ခြင်း ပြုလုပ်ပေးနိုင်ပါသည်။ ညစ်ပေသောလက်ဖြင့် အစာစားခြင်း၊ လက်မဆေးဘဲအစာစားခြင်း၊ မသန့်ရှင်းသောအစာ၊ ယင်နားစာများစားခြင်း၊ အဖုံးအအုပ်မပါသောအစာများ စားသောက်ခြင်းကို ရှောင်ကြဉ်ပါ။ ကြေညက်လွယ်သောအစာများ ကျွေးပါ။ ဟင်းသီးဟင်းရွက်များကို ရေစင်အောင်ဆေးပြီးမှစားပါ။ အသားငါးများကို ကောင်းစွာကျက်အောင် ချက်စားပါ။ သန်ကောင်၊ တုတ်ကောင်ရောဂါများ မဖြစ်ပွားစေရန်အတွက် အစားအစာများ မကိုင်တွယ်မီ၊ အစာမစားမီ၊ အစာစားပြီးနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်စွာဆေးပါ။

